# ကလေးယူမည့် အကြောင်း စဉ်းစားနေသလား။



## အချို့ အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်စဉ် ဖြစ်ပွားသည့် ဆီးချိုရောဂါ အန္တရာယ် ပိုမိုမြင့်မား ကြောင်း သင် သိပါသလား။

### သင် ကလေးယူရန် မကြိုးစားမီ

1. ကျန်းမာရေး စစ်ဆေးပေးရန်အတွက် သင့် ဆရာဝန်အား ခိုင်းပါ။
2. ကျန်းမာရေးနှင့် ညီညွတ်သည့် ကိုယ်အလေးချိန်ထားရှိပါ။
3. နေ့စဉ် ကောင်းမွန်စွာ စားသောက်ပြီး လှုပ်လှုပ်ရှားရှားနေပါ။

**ကိုယ်ဝန်ဆောင်စဉ်အတွင်း** ကိုယ်ဝန်ရှိစဉ် ဆီးချိုရောဂါကို ဂရုစိုက်စောင့်ရှောက်ပြီး **ကိုယ်ဝန်ဆောင်ပြီးနောက်ပိုင်း** ကျန်းမာအောင် နေထိုင်ခြင်းသည် မိခင်နှင့် ကလေးနှစ်ဦးလုံးအတွက် ကျန်းမာရေး ပြဿနာများ၏ အန္တရာယ်ကို လျှော့ချစေနိုင်သည်။

## ကိုယ်ဝန်ရှိစဉ် (ကိုယ်ဝန်) ဆီးချိုရောဂါ

ကိုယ်ဝန်ရှိစဉ် ဆီးချိုရောဂါသည် ကိုယ်ဝန်ဆောင်စဉ် ဖြစ်ပွားသည့် ဆီးချိုရောဂါ အမျိုးအစားတစ်ခုဖြစ်ပြီး ကလေးမွေးဖွားပြီးနောက် သာမန်အားဖြင့် ပျောက်ကွယ်သွားသည်။

အကယ်၍ သင်သည်

- ကျန်းမာရေးနှင့် ညီညွတ်သည့် ကိုယ်အလေးချိန် အတိုင်းအဆထက် ပို၍လေးလျှင်
- အလေးချိန် 4.5kg ထက်ပိုများသော ကလေးရှိနေပြီးဖြစ်လျှင်
- သင့်တွင် သွေးသကြားဓါတ် အဆင့်မြင့်မြင့်မားမားရှိကြောင်း အပြောခံရလျှင်
- မိသားစု သမိုင်းကြောင်း၌ ဆီးချိုရောဂါ အမျိုးအစား 2 ရှိလျှင်
- အသက် 40 နှစ် သို့မဟုတ် အထက်ဖြစ်လျှင် သင့်တွင် ပိုမိုမြင့်မားသော အန္တရာယ်ရှိနိုင်သည်၊

## ကိုယ်ဝန်ရှိနေပြီးလား။

စစ်ဆေးခြင်းလုပ်ရန်အတွက်နှင့် သင်၏ ကိုယ်ဝန်ဆောင် အစီအစဉ်များကို ရယူရန်အတွက် သင်၏ ဆရာဝန် သို့မဟုတ် ကျန်းမာရေး အတတ်ပညာရှင်နှင့် ကိုယ်ဝန်ဆောင် **စောစောပိုင်း၌**တွေ့ရန် အရေးကြီးပါသည်။

## ဆီးချိုရောဂါရှိနေပြီး ဖြစ်ပါသလား။

ဆီးချိုရောဂါ အမျိုးအစား 1 သို့မဟုတ် အမျိုးအစား 2 ရှိသည့် အမျိုးသမီးအများအပြားတွင် ကျန်းမာသော နို့စို့ကလေးငယ်များရှိကြသော်လည်း ကိုယ်ဝန်မဆောင်မီ၊ ကိုယ်ဝန်ဆောင်စဉ်နှင့် ကိုယ်ဝန်ဆောင်ပြီး နောက်ပိုင်း သင့်ဆီးချိုရောဂါကို ဂရုစိုက်စောင့်ရှောက်ရန် အပိုဂရုစိုက်မှုလိုအပ်သည်။

သင်ကလေးယူရန် မကြိုးစားမီ သင့်ဆရာဝန် သို့မဟုတ် ဆီးချိုရောဂါပညာပေး သူနာပြုနှင့် စကားပြောဆိုပါ။

## သတင်းအချက်အလက်များနှင့် ပံ့ပိုးမှု

သင့်အား ကူညီရန်ရရှိနိုင်သည့် သတင်းအချက်အလက်များနှင့် ပံ့ပိုးမှုရှိပါသည် - သင့်ဆရာဝန်နှင့် ဒေသခံဆီးချိုရောဂါ ကျန်းမာရေး အတတ်ပညာရှင်တို့နှင့် စကားပြောဆိုပါ၊ ဥပမာ- ဝမ်းဆွဲဆရာမ၊ သူနာပြုဆရာမ။

သို့မဟုတ် ပိုမိုသော အချက်အလက်များကို ဤဝက်ဘ်ဆိုက်တွင် ကြည့်ပါ-

ndss.com.au/languages

diabetesnsw.com.au

pregnancyanddiabetes.com.au

TIS (Translating and Interpreting Service) ဖုန်း **131450** ကိုခေါ်ပြီး စကားပြန်အား အမျိုးသား ဆီးချိုရောဂါ ဝန်ဆောင်မှုများ အစီအစဉ် (National Diabetes Services Scheme) ဖုန်း **1800 637 700** ကို ဆက်ခိုင်းပါ။

diabetes nsw & act

talk to us | 1300 342 238
**diabetesnsw.com.au**

သင်သည် သင့်ဘာသာစကားဖြင့် ကျွန်ုပ်တို့၏ YouTube ဗီဒီယိုကို ကြည့်ရန် သင့် စမတ်ဖုန်းဖြင့် ဤ QR Code အမှတ်အသားအကွက်ကို စကင်လုပ်နိုင်သည်။

အစီအစဉ်ကို Central and Eastern Sydney PHN က ရန်ပုံငွေ ထောက်ပံ့ပေးထားသည်။